# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဓမ္မပဒ (ဓမ္မပဒ - ၁၂၉)


၁၃၈၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၉)၊ အမှတ် (၁၀၄)


# ပြည်တွင်းနှင့်ပြည်ပမှ ဗုဒ္ဓဘာသာအဖွဲ့များပူးပေါင်း၍ ရဟန်း၊ သာမဏေ၊ သီလရှင် ၂၀၂၀ အား လှူဖွယ်ဝတ္ထုများလောင်းလှူ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်၊ နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်း(ရန်ကုန်တိုင်းဒေသကြီး)နှင့် Jin Gang Shan Asia Pacific General Association (တရုတ်(တိုင်ပေ)၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား) ဗုဒ္ဓဘာသာအဖွဲ့တို့ပူးပေါင်း၍ ပထမအကြိမ် ရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၂၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းသိမ်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိုင်းသောက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ ဘဒ္ဒန္တ သုမင်္ဂလာဘိဝံသထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❑

နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဂုဏ်ထူးဆောင်ဓမ္မပါရဂူ ဒေါက်တာ ဘဒ္ဒန္တကုမာရထံမှ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်ဇနီး၊ ဧည့်ပရိသတ်များက အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြစဉ်။ သတင်းစဉ်






နိုင်ငံခြားတပ်များ ဖယ်ရှားပေးရေးဆွေးနွေးရန် အီရတ်၏တောင်းဆိုမှုကို အမေရိကန်ပယ်ချ စာမျက်နှာ - ၁၄

ယူကရိန်းလေယာဉ် ပျက်ကျခဲ့ရတဲ့အကြောင်းရင်း စာမျက်နှာ - ၁၅



